# တိုင်းရင်းသားကျန်းမာရေး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး (၂၀၂၅)
# နှီးနှောဖလှယ်ပွဲထုတ်ပြန်ချက်

၂၀ရက်၊ မေလ၊၂၀၂၅

မြန်မာနိုင်ငံဆေးပညာရှင်များအသင်း(BMA) နှင့် မယ်တော်ဆေးခန်း(MTC)တို့ ပူးပေါင်း၍ တိုင်းရင်းသားကျန်းမာရေး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး နှီးနှောဖလှယ်ပွဲ (၂၀၂၅) ကို မေလ ၁၉-၂၀ ရက် ၂၀၂၅ ခုနှစ်တွင် ထိုင်း-မြန်မာနယ်တစ်နေရာတွင် "**ကသောင်းကနင်းအခြေအနေများကြားမှကျန်းမာရေးစနစ်**" ဟူသောခေါင်းစဉ်ဖြင့်ကျင်းပခဲ့ပါသည်။ကိုဗစ်-၁၉ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသောစိန်ခေါ်မှုများ နှင့် (၂၀၂၁)ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံတွင်ဆက်လက်ဖြစ်ပွားနေသောအနှောင့်အယှက်များကြောင့် ရပ်တန့်နေခဲ့ရသည့်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ပြန်လည်အသက်ဝင်လာစေရန် ရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဆွေးနွေးပွဲတွင် အဖွဲ့အစည်းအသီးသီးမှ စုစုပေါင်း (၁၇၀) ဦး (အမျိုးသား ၈၀ နှင့် အမျိုးသမီး ၉၄ ဦး) တက်ရောက်ခဲ့ပြီး၊ ကျန်းမာရေးနှင့် လူသားချင်းစာနာမှုအခက်အခဲများနှင့်ဆိုင်သော အရေးပေါ်ကိစ္စရပ်များကို ဆောင်ရွက်နေသောသုတေသနစာတမ်းများ(၂၃) စောင်ကိုပြုစုတင်ပြခဲ့ပါသည်။ ဤသုတေသနများကို ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးများဖြစ်သော တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ(EHOs)၊ လူထုအခြေပြုကျန်းမာရေးအဖွဲ့အစည်းများ(ECBHOs)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ(INGOs)၊ အစိုးရအေဂျင်စီများ၊ ထိုင်းနိုင်ငံနှင့်သာမက နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ဤနှီးနှောဖလှယ်ပွဲသည် စစ်ပွဲပဋိပက္ခများဖြစ်ပွားရာဒေသများနှင့် နယ်စပ်ဒေသတစ်လျှောက်တွင် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းအားထုတ်မှုများကိုဖော်ဆောင်သောအခင်းအကျင်းတစ်ခု ဖြစ်ပါသည်။

နှီးနှောဖလှယ်ပွဲကို တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများအကြား သုတေသနစွမ်းရည်မြှင့်တင်ရန်၊ နယ်စပ်ဒေသများတစ်လျှောက် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်နှင့် နယ်စပ်ဖြတ်ကျော်အကူအညီပေးရေး ယန္တရားများအားကောင်းလာစေရေးစည်းရုံးလှုံ့ဆော်ရန်အစရှိသည့်အဓိကရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ နှီးနှောဖလှယ်ပွဲသည်ပဋိပက္ခဖြစ်ပွားနေသောဒေသများတွင် အကွဲကွဲအပြားပြားဖြစ်ပွားနေသောကျန်းမာရေးစနစ်များအတွက် အပြန်အလှန် ဆွေးနွေးခြင်း၊ အသိပညာဖလှယ်ခြင်းနှင့် မဟာဗျူဟာရေးဆွဲခြင်းတို့ အတွက် အရေးကြီးသောဆုံချက်နေရာတစ်ခုအဖြစ် ဆောင်ရွက်ခဲ့သည်။

နှီးနှောဖလှယ်ပွဲတွင် စစ်ဘေးသင့်ဒေသများနှင့်နယ်စပ်ဒေသများ၌ ကျန်းမာရေးဝန်ဆောင်မှုကိုရယူရန် ခက်ခဲခြင်း၊ လွှဲပြောင်းစနစ်များ အားနည်းခြင်းနှင့် အိုးအိမ်စွန့်ခွါရွှေ့ပြောင်းနေထိုင်သူများ၏ လိုအပ်ချက်များကို ပြည့်မီအောင် မပံပိုးပေးနိုင်ခြင်း အစရှိသည့်လက်ရှိဖြစ်ပေါ်နေသော ကျန်းမာရေးစိန်ခေါ်မှုများကို မီးမောင်းထိုးပြခဲ့သည်။ မတူကွဲပြားသော သုတေသနစာတမ်းများမှ ဒေသဆိုင်ရာသုတေသနခေါင်းဆောင်မှုများ အားကောင်းလာစေရန်၊ သုတေသနရလဒ်များနှင့်အညီ လေ့ကျင့်ရေးသင်တန်းများကိုပိုမိုကောင်းမွန်စေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော၊သာတူညီမျှမှုရှိသောဘဏ္ဍာငွေစီမံခန့်ခွဲမှုများကို စီစဉ်ဆောင်ရွက်သွားကြရန် အစရှိသောအဓိက ဦးစားပေးမှုများထွက်ပေါ်လာသည်။ထို့အပြင် ခံနိုင်ရည်ရှိ၍အားလုံးပါဝင်သော ဖက်ဒရယ်ကျန်းမာရေး စနစ်ကို တည်ဆောက်နိုင်ရန်ရည်ရွယ်ပြီး နယ်စပ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှုများအားကောင်းလာစေရေး၊ နှင့် အထောက်အထားအခြေပြုခြင်း၊ ဒေသခံများမှဦးဆောင်မှုများ ပိုမိုများပြားလာစေရေး တို့ကိုလည်းအလေးပေး ဆွေးနွေးခဲ့ကြပါသည်။

ဆက်သွယ်ရန်

၁။ စောနေထူး ( ၀၈၁၁၉၀၂၂၁၇)

၂။ နော်ထီးထာစွေး (၀၆၃၀၂၉၇၈၀၁)